# ဘုရားပိုင်းကျေးရွာ

# သထုံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၅ - ၂၀၂၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုရားပိုင်းကျေးရွာ၊ သထုံမြို့နယ်

(သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

# ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဘုရားပိုင်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ရာသီခွင်ပြပြက္ခဒိန်** | ၅ |
| | **ဘုရားပိုင်းကျေးရွာ ကျေးရွာတွင်း/ရွာပြင်အဖွဲ့အစည်း၊ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား | ၅၃ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၉ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၁ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄/၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးကူညီဆောင်ရွက်ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏

ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**စက်တင်ဘာလ၊ ၂၀၂၄**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

**ဘုရားပိုင်းကျေးရွာ**

**သထုံမြို့နယ်**

## ဘုရားပိုင်းကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်



## ဘုရားပိုင်းကျေးရွာ ရာသီခွင်ပြပက္ခဒိန်၊ သထုံမြို့နယ်



**ဘုရားပိုင်းကျေးရွာVennDiragram(ကျေးရွာတွင်း/ရွာပြင် ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်**




**ဘုရားပိုင်းကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်**



| အကြောင်းအရာ | သတ်မှတ်ချက်များ | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၃ · အိမ်ထောင်စု | ၂၉ · အိမ်ထောင်စု | ၄၅ · အိမ်ထောင်စု | ၃၃ · အိမ်ထောင်စု |
| အိမ်အခြေအနေ | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| အတိကစီးပွားရေးလုပ်ငန်း | [illegible] | [illegible] | [illegible] | [illegible] |
| အိမ်ထောင်စု | ၁၃ · အိမ်ထောင်စု | ၂၉ · အိမ်ထောင်စု | ၄၅ · အိမ်ထောင်စု | ၃၃ · အိမ်ထောင်စု |

# ဘုရားပိုင်းကျေးရွာ၊ (၅)နှစ်တာ အကောင်အထည်ဖော်မည့် လုပ်ငန်းစာရင်း ၊ သထုံမြို့နယ်

မရမ်းကုန်းကျေးရွာအုပ်စု၊ ဘုရားပိုင်ကျေးရွာ (၅)နှစ်တာအကောင်အထည်ဖော်မည့် လုပ်ငန်းစာရင်း

| စဉ် | လုပ်ငန်းအမည် | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ | ၂၀၂၇-၂၀၂၈ | ၂၀၂၈-၂၀၂၉ |
|---|---|---|---|---|---|---|
| ၁။ | ရွာကြီးလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ( | ✓ | | | | |
| ၂။ | ကျေးရွာ ချောင်းကူး ကွန်ကရစ်တံတား တည်ဆောက်ခြင်း | | ✓ | | | |
| ၃။ | [illegible] မြို့ကုန်း ပိုင်းဖွင့် သရက်တောကျေးရွာ ချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း | | | ✓ | | |
| ၄။ | ရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း | | | | ✓ | |
| ၅။ | သရက်တော ပိုင်း (ဘယ်/ညာ) ရေမြောင်းတူးဖော်ခြင်း | | | | | ✓ |

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဘုရားပိုင်းကျေးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၏ မရမ်းကုန်းကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် မှန်ကူကုန်းပိုင်းနှင့် အနောက်ဘက်တွင် လယ်ကွင်းပြင်နှင့် (၇)မိုင်ခန့်တွင် မုတ္တမပင်လယ်ကွေ့တည်ရှိပါသည်။ တောင်ဘက်တွင် ရွာလည်ပိုင်းနှင့် အစိုးရအထက်တန်းကျောင်း တည်ရှိပါသည်။ကျေးရွာ၏ မြောက်ဘက်တွင် ဂျိုးဖြူကုန်းပိုင်း တည်ရှိ၍ မင်းလမ်းမကြီးသည် ဘုရားပိုင်း၏ အလည်မှ တောင်ဘက်သို့ ဖြတ်သွားပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံးနေထိုင်ပြီး၊ မွန်၊ ကရင်၊ ကုလားနှင့် ပအိုဝ့်တိုင်းရင်းသားများသည် စည်းလုံး ညီညွတ်စွာ နေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဘုရားပိုင်းကျေးရွာ၏ ရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော လယ်မြေကေမှာ (၂၄၄)ကေ ခန့်ရှိပြီး မိုးစပါးကို အဓိကထား စိုက်ပျိုးကြရပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်သာ ကောင်းမွန်မှုရှိပါသည်။ ဘုရားပိုင်းမှ လယ်သမားများသည် မရမ်းကုန်းတွင် လုပ်ကိုင်စားသောက်ကြပြီး လယ်သမားတစ်ဦးလျှင် (၁၀)ကေမှ (၁၀၀)ကေကြား ပိုင်ဆိုင်ကြပါသည်။ စပါးသိမ်းချိန်တွင် ရာသီသီးနှံများ ဖြစ်သော ပဲကို အထူးစိုက်ပျိုးကြပြီး ခရမ်းနှင့် ဗူးသီး အနည်းငယ် စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတည်ငြိမ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ရာအိမ်မှူး/ဆယ်အိမ်မှူး ရပ်မိရပ်ဖများ ရွာသူ/သားများ ပူးပေါင်းကာ စုပေါင်းဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖများနှင့် ရွာသူ/သားများ ပူးပေါင်းကာ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ သာရေး/နာရေး စသည့် လူမှုရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ လုပ်ဆောင်နေကြပါသည်။ ကျေးရွာ လူပျိုခေါင်း/ အပျိုခေါင်းနှင့် ကာလသားသမီးအဖွဲ့တို့ ပူးပေါင်း၍ ကျေးရွာ၏ လုပ်ငန်းကဏ္ဍ ပေါင်းစုံတွင် စည်းရုံးပါဝင်ဆောင်ရွက်ကြပြီး ဓမ္မစကူးအဖွဲ့ဝင်များမှလည်း ကျေးရွာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုများ ရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် ရွှေ့ပြောင်းနေထိုင်သော အိမ်ထောင်စု များပြားခြင်း၊ ၎င်းတို့နေထို်ရောအုပ်စုအတွင်း တွင် စားဝတ်နေရေးအတွက် ကြုံရာကျပန်းလုပ်ကိုင်စားသောက်ရသူ များပြားပါသည်။ ရွှေ့ပြောင်း လုပ်ကိုင်သူများသည် ကလေးငယ်များအား ကျောင်းဖွင့်စတွင် ကျောင်းထားနိုင်သော်လည်း တစ်နယ်တစ်ကျေးသို့ စီးပွားထွက်ရှာ

ရသောကြောင့် ကလေးငယ်များသည် ကျောင်းတစ်ဝက် တစ်ပျက်ဖြင့် ကျောင်းထွက်ရသောကြောင့် ပညာတက်မြောက်မှုနှုန်းနည်းပါးပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ဘုရားပိုင်းကျေးရွာတွင် စိုက်ပျိုးရေးအနေဖြင့် ဆန်စပါးနှင့် ကောက်ပဲသီးနှံကို အဓိကထား စိုက်ပျိုးပြီး ရာသီပေါ် သီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ဘုရားပိုင်းကျေးရွာရှိ ကျေးရွာသူ/သားများသည် စီးပွားဖြစ် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်သူမရှိဘဲ တစ်ပိုင်တစ်နိုင်ဖြင့်သာ နွား၊ ဝက်၊ ကျွဲ၊ ဆိတ်နှင့် ကြက်များ၊ ဘဲများ အနည်းငယ် မွေးမြူကြပါသည်။ ကျေးရွာအနီးတွင် ရေချိုချောင်းများ၊ အင်းအိုင်များ မရှိသောကြောင့် ငါး၊ ပုစွန်နှင့် အခြားရေနေ သတ္တဝါများ မွေးမြူခြင်းမရှိပါ။ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း၊ မွေးမြူရေး ဆိုင်ရာ အသိပညာပေးမှု နည်းပါးခြင်းတို့ကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲ များရှိခြင်း နှင့် အရင်းအနှီးငွေ နည်းပါးခြင်း၊ မြေနေရာရှားပါးခြင်းကြောင့် စီးပွားဖြစ် မွေးမြူရေး လုပ်ငန်းကို တိုးချဲ့လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း မလုပ်ကိုင်သည့် အိမ်ထောင်စုများသည် ဈေးရောင်း ခြင်း၊ ပန်းရံလက်သမား အလုပ်လုပ်ကိုင်ခြင်း၊ ငါးရှာ၊ ဖားရှာ စာရင်းငှား၊ ပို့ဆောင်ရေး၊ နေ့စား၊ ကြုံရာနှင့်ကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး ဝမ်းကျောင်းမလုပ်ကိုင်သည့် ကျေးရွာသူ/သားများသည် အသက်မွေးမှုနည်းပညာ အားနည်းခြင်း၊ အတန်းပညာတတ်မြောက်မှု နည်းပါးခြင်း၊ ငွေကြေးရင်းနှီးမြှပ်နှံမှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်းတို့ကြောင့် နိုင်ငံခြားနှင့် တစ်ခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ရသော အိမ်ထောင်စုများလည်းရှိပါသည်။ ထို့ကြောင့် နေ့စားကျပန်းများ အနေဖြင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ပညာပေးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းအားဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေများ ရရှိလာပြီး မိသားစုစားဝတ်နေရေး အဆင်ပြေ ချောင်လည်လာမည် ဖြစ်ပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေး၊ မွေးမြူရေးမလုပ်ကိုင်သည့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူ များအနေဖြင့် ကိုယ်ပိုင်ပစ္စည်းများ ပေါင်နှံရောင်းချခြင်း၊ မိတ်ဆွေ၊ ဆွေမျိုးတို့ထံမှ အတိုးနှုန်း

အသင့်အတင့်ဖြင့် ချေးငွေရယူခြင်းများ ရှိပါသည်။ သီးခြားအဖွဲ့အစည်းများမှ ဘဏ်နှင့်ငွေကြေး ဆိုင်ရာဝန်ဆောင်မှုများပေးခြင်းမရှိပါ။လယ်သမားများသည် ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးခြင်းကြောင့် စိုက်ပျိုးရေးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် ပုံစံ(၇)ဖြင့် အလွယ်တစ်ကူ ချေးယူနိုင်ကြပါသည်။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားအသက်မွေးဝမ်းကျောင်း လုပ်ကိုင် နေသူများနှင့် ကျပန်းလုပ်သားများသည် ငွေချေးပေးသူထံတွင် အပေါင်ခံပစ္စည်းများဖြင့် ပေါင်နှံခြင်း၊ မိတ်ဆွေနှင့် ဆွေမျိုးများထံမှ အတိုးနှုန်းအသင့်တင့်ဖြင့် ချေးငွေအနည်းငယ်သာ ရရှိပါသည်။ ပုဂ္ဂလိကချေးငွေ လုပ်ငန်းများမှလည်း ဝန်ဆောင်မှုများကို ရယူသူများလည်းရှိပါသည်။ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းနည်းပါးပြီး ငွေလုံလောက်မှု မရှိခြင်းနှင့် နည်းပညာ တတ်မြောက်မှု အားနည်းခြင်းကြောင့် ကျေးရွာ၏ လူမှုစီးပွားသည် အသင့်အတင့်သာရှိပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဘုရားပိုင်းကျေးရွာရှိ အိမ်ထောင်စုအချို့တွင် ဘေးတွဲဆိုင်ကယ် မောင်းခြင်း၊ ကားအငှားလိုက်ခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်း လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စက်ဘီး (၅၄) စီး၊ မော်တော် ဆိုင်ကယ် (၆၀) စီး၊ သုံးဘီးဆိုင်ကယ် (၁၅) စီး၊ ထော်လာဂျီ (၁၀) စီး၊ ကား (၃) စီး တို့ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါ သည်။ ဘုရားပိုင်းကျေးရွာမှ ဖြတ်သွားသော မိန်းလမ်းမကြီးသည် တောင်ဘက်သို့ဦးတည်ပြီး ရွာလည်ပိုင်းမှ သရက်တောတောင်၊ ဘူဒင်းချောင်ကျေးရွာမှတစ်ဆင့် ထိန်ပင်၊ဇိုက္ကရဲ၊အောင်ကန်သာ သုံးအိမ်စုကျေးရွာများအထိ ရောက်ရှိပြီး မြောက်ဘက်တွင် ဂျိုးဖြူကုန်းမှတစ်ဆင့် ဆိပ်ကျွန်း၊ ကတိုက်ကြီး၊ ကျိုက္ကော်သို့ သွား၍ရပါသည်။ လမ်းပန်း ဆက်သွယ်ရေးအလွန်ကောင်းမွန်မှုရှိပါ သည်။ ရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းနှင့် မြေသားလမ်းများဖြစ်ကြသည်။ ကိုယ်ထူ ကိုယ်ထဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းကို ရွာသူ/ရွာသားများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် သွားလာရအဆင်ပြေစေပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ဘုရားပိုင်းကျေးရွာတွင် ထရန်စဖော်မာတစ်လုံးရှိပြီး မဟာဓာတ်အားလိုင်းကို အသုံးပြုသူ ဦးရေ (၁၉၆)ဦး ရှိပြီး ဆိုလာမီးအသုံးပြုသူ(၈)ဦးနှင့် ဓါတ်အားလိုင်းအသုံးမပြုနိုင်သူမှာ (၁၆)ဦးရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ ကျေးရွာမီးလင်းရေး ကော်မတီအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျေးရွာတစ်ခုလုံးရှိ အိမ်ထောင်စုအားလုံးမှ လျှပ်စစ်မီးကို သုံးစွဲကြပါသည်။ လျှပ်စစ်မီးရရှိသောကြောင့် ကျေးရွာ၏ လူနေမှုအဆင့်အတန်း၊

ပညာရေး၊ ကျန်းမာရေးနှင့် ကျေးရွာဖွံ့ဖြိုးရေး ကဏ္ဍများတွင် တိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဘုရားပိုင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်အတွက် ဖုန်း (၁၃၀)လုံး၊ တီဗွီ(၇၄)လုံး၊ ဂြိုလ်ထုစလောင်းများမှဖမ်းယူရရှိပါသည်။ အခြားသော သတင်းအချက်အလက်များကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးတို့ထံမှ တဆင့် သိရှိနိုင်ပါသည်။ အိမ်ထောင်စုအားလုံးတွင် လက်ကိုင်ဖုန်းများရှိကြပြီး တီဗွီ၊ ရေဒီယိုနှင့် ဂြိုလ်တုစလောင်း များ ရှိနေခြင်းကြောင့် ဆက်သွယ်ရေးတွင် အခက်အခဲမရှိဘဲ သတင်းအချက်အလက်များ သိရှိနိုင်ပြီး အင်တာနက်လိုင်းများလည်း ရရှိပါသည်။

## ၆။ ပညာရေး

ဘုရားပိုင်းကျေးရွာ၏ ဂျိုးဖြူကုန်းပိုင်းတွင် (မူလွန်)ကျောင်းရှိပြီး စာကြည့်တိုက်လည်းရှိပါသည်။ ကျေးရွာတွင်စာမတတ်သူဦးရေ ကျား((၄၆)ဦး၊ မ(၉၆)ဦး စုစုပေါင်း(၁၄၂)ဦး ရှိပါသည်။ ဆရာ(၁)ဦး၊ ဆရာမ(၁၆)ဦး၊ ကျောင်းသား(၂၉၀)ဦး၊ ကျောင်းသူဦးရေ(၂၈၇)ဦး စုစုပေါင်း (၅၇၇)ဦး ရှိပါသည်။ မူလွန်အောင်မြင်လျှင် အ.ထ.က မရမ်းကျောင်းကြီးသို့ ပညာဆက်လက်သင်ကြားရပါသည်။ ကလေးသူငယ်များ ပညာဖွံ့ဖြိုးစေရန် ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းလည်း ရှိပါသည်။ မူကြိုကျောင်းတွင် ဆရာမ(၂)ဦး၊ ကလေး ကျား(၂၀)ဦးနှင့် မ(၂၀)တို့ဖြင့် ဖွင့်လှစ်ထားသောကြောင့် ကလေးမိဘများနှင့် ကလေးသူငယ်များအတွက် အလွန်အဆင်ပြေမှုရှိပါသည်။ စာသင်ကျောင်းတွင် ဆရာမ(၄၀း၁)အောက် ရှိသောကြောင့် ဆရာ/မများလည်း လုံလောက်မှုရှိပါသည်။ ကျောင်း၏ အမိုးနံရံ၊ အခင်းအရည်အသွေးမှာ ကောင်းမွန်မှုရှိသော်လည်း ကျောင်းသုံးပရိဘောဂပစ္စည်းမှာ လုံလောက်မှုမရှိပါ။ စာသင်ကျောင်းရှိ သောက်သုံးရေများလည်း ကောင်းမွန်၍ အိမ်သာများလည်း သန့်ရှင်းမှုရှိပါသည်။ အနီးအနားကျေးရွာများတွင် နေထိုင်ကြသောကြောင့် သွားလာရေးလည်း အခက်အခဲမရှိ အဆင်ပြေပါသည်။ ကျောင်းသည် လမ်းအရှေ့ အနောက် ဖြစ်နေသောကြောင့် ကျောင်းဧရိယာ တိုင်းတာရန် အခက်အခဲရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဘုရားပိုင်းကျေးရွာတွင် သားဖွားခန်းနှင့် ဆေးခန်းရှိပါသည်။ ဆေးမှူး(၁)ဦးနှင့် သားဖွား ဆရာမ(၁)ဦးရှိပါသည်။ ကျန်းမာရေးဝန်ထမ်းများသည် ကာကွယ်ဆေးကိုပုံမှန်ထိုးပေးပါသည်။ ဘုရားပိုင်းတွင် ကျန်းမာရေးကြိုတင်ကာကွယ်သည့် အနေဖြင့် ရောဂါမပြန့်ပွားစေရန် ရေလောင်းအိမ်သာ (၁၀၅)လုံးရှိပါသည်။ ဘုရားပိုင်းတွင် ရေတွင်းပေါင်း (၇၁)တွင်း ရှိ၍ ၄က်ဖျား

ရောဂါမှစ၍ အခြားရောဂါများကာကွယ်ရန်ရေတွင်းများကို ဆေးဖျန်းခြင်း၊ အိမ်သာများကို ဆေးဖျန်းခြင်း၊ အိမ်ပတ်ဝန်းကျင် ဆေးဖျန်းခြင်းများကို အခါအားလျှော်စွာ ပြုလုပ်ပေးပါသည်။ ကျန်းမာရေး အသိရှိစေရန် ကျန်းမာရေးဝန်ထမ်းများမှ ပညာပေးဟောပြောပွဲများလည်း ပြုလုပ်ပေးပါသည်။ နာရေးကူညီမှုယာဉ် (၁)စီးရှိပြီး အရေးပေါ်လူနာများကို သထုံဆေးရုံကြီးသို့ အချိန်မရွေး ကူညီပို့ဆောင်ပေးပြီး အောက်စီဂျင်လိုအပ်ပါက ချက်ချင်းကူညီပေးပါသည်။ သွေးလိုအပ်ပါက ဆေးရုံသို့ ချက်ချင်းကူညီ အကြောင်းကြားပေးပါသည်။ ကျေးရွာအနီးတွင် ဆေးဆိုင်ဖွင့်လှစ်ထားရှိပြီး ဆေးများကို စနစ်တကျ သိုလှောင်ထားပါသည်။ ကျေးရွာအတွင်းတွင် ဆီးချိုနှင့်သွေးတိုးရောဂါဖြစ်ပွားသူများလည်းရှိပြီး ကိုယ်ခံအားကျဆင်းမှု ကူးစက်ရောဂါသည်များ မရှိသည်ကို တွေ့ရှိရပါသည်။ ဘုရားပိုင်းကျေးရွာတွင် အိမ်ခြေ(၄၀)ကျော်မှာ မိုးရာသီ၌သာ ရေရရှိပြီး နွေရာသီတွင် ရေရှားပါးခြင်းကြောင့် သောက်သုံးရေ လိုအပ်လျက်ရှိပါသည်။ နွေရာသီတွင် ဘုန်းကြီးကျောင်းရှိ ရေဘုံဘိုင်မှ သွားရောက်သယ်ယူကြရပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဘုရားပိုင်းကျေးရွာတွင် ယခင်နှစ်များ၌ မိုးရာသီတွင်မိုးကြီးမှုကြောင့် ရေကြီးနစ်မြုပ်မှု တစ်ကြိမ်မှသုံးကြိမ်အထိ ရှိပါသည်။ မိုးရေကြီးမှုသာရှိပြီး ပင်လယ်ရေကြီးမှုမရှိပါ။ ယခုနှစ်တွင် (NGO)အဖွဲ့မှ မုတ္တမကွေ့စီမံကိန်း ရန်ပုံငွေဖြင့် တာရိုးတမံတစ်ခု ပြုလုပ်ပေးခဲ့ပါသည်။ ပတ်ဝန်းကျင် သန့်ရှင်းရေးတွင် အထူးလိုအပ်လျှက်ရှိပါသည်။ ရွာသူ/သားများသည် စွန့်ပစ်အမှိုက်များအား မိမိတို့ အိမ်ခြံဝန်းအတွင်း၌ မီးရှို့ကြသော်လည်း အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် လိုအပ်သည်ကို တွေ့ရှိရပါသည်။ အမှိုက်များကို စနစ်တကျစွန့်ပစ်သော အိမ်ထောင်စုများရှိသောကြောင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်၍ အမှိုက်စွန့်ပစ် စီမံကိန်းများကို ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသာယာလှပသန့်ရှင်းအောင် ဆောင်ရွက်သင့်ပါသည်။ မိုးရာသီကာလ၌ ရေမြောင်းများဆယ်ခြင်း၊ အမှိုက်ဆယ်ခြင်းများကို ကျေးရွာရှိ ကျေးရွာသူ/ သားများမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။ တစ်ခါတစ်ရံ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ ကျိုးပဲ့တတ်သောကြောင့် လူနေအိမ်များမီးကြိုးနှင့် မလွတ်သော သစ်ပင်များကို ဝိုင်းဝန်းခုတ်ထွင်ရှင်းလင်းကြပါသည်။ ပရဟိတအဖွဲ့လူငယ်များသည် မိမိတို့တက်အားသ၍ ပတ်ဝန်းကျင်သန့်ရှင်းရေးကို စေတနာထား၍လုပ်ဆောင်ကြပါသည်။

ကျေးရွာအနီးပတ်ဝန်းကျင်တွင် ဓါတ်သတ္တု၊ သဘာဝဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ အခြားသဘာဝအရင်းအမြစ်များ မရှိသော်လည်း နွားစားမြက် အနည်းငယ်သာ ရှိပါသည်။ ကျေးရွာတွင် နေထိုင်သူများသည် မိသားစုစိတ်ဓါတ်အပြည့်ရှိပြီး စည်းစည်းလုံးလုံး

နေထိုင်ကြသောကြောင့် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများ မရှိပါ။ စီးပွားရေးအလွန်ခက်ခဲသော အိမ်ထောင်စုအနည်းငယ်နှင့် အမျိုးသမီးဦးဆောင်သော လက်လုပ်လက်စားကျပန်းလုပ်ကိုင်သူ အနည်းငယ်သာရှိပါသည်။ ကျေးရွာသားများသည် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းတတ်ခြင်းတို့ကြောင့် ၄င်းမိသားစုများအတွက် ထိခိုက်မှုခံရနိုင်ချေနည်းပါးပါသည်။

အသက်မွေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် လုပ်ကိုင်သောကြောင့် စားနပ်ရိက္ခာ မပိုလျှံသော်လည်း ဖူလုံမှုရှိပါသည်။ စိုက်ပျိုးရေရှားပါးခြင်း၊ အအေးလွန်ကဲခြင်းစသည့် သဘာဝဘေးအန္တရာယ် များမရှိသော်လည်း နွေရာသီတွင် အပူလွန်ကဲမှုကြောင့် သောက်သုံးရေရှားပါးခြင်းကို တစ်ခါတစ်ရံ ကြုံတွေ့ရပါသည်။ ရွာသူ/သားများသည် စည်းစည်း လုံးလုံးနှင့် အေးချမ်းစွာ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခမရှိပါ။ ကျွဲ၊ နွားဆိတ်တို့မှ တစ်ခါတစ်ရံလျှာနာ ခွာနာရောဂါဖြစ်တတ်ပါသည်။ ရွာသူ/ သားများသည် စည်းစည်း လုံးလုံးနှင့် အေးချမ်းစွာနေထိုင်ကြသဖြင့် အမှုအခင်းနှင့် ပြည်တွင်းပဋိပက္ခများမရှိခဲ့ပါ။

## ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ဘုရားပိုင်းကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များမှ ကာလသား/သမီး အဖွဲ့များသည် ကျေးရွာ၏ သာရေးနာရေး၊ ဘာသာရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော် စည်းစည်းလုံးလုံး ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား-မ အကြမ်းဖက်မှုများမှာ မရှိသလောက် နည်းပါးပါသည်။ ကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များတွင် အမျိုးသမီးများပါဝင် လုပ်ဆောင်ခြင်း မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင် အမျိုးသမီးများက တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမရှိ သလောက်နည်းပါးပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်များရှိကြ၍ အမျိုးသမီးများအား အကြမ်းဖက်ခြင်း၊ အနိုင်ကျင့်ခြင်း၊ ခွဲခြား ဆက်ဆံခြင်းများမရှိဘဲ အမျိုးသမီးများနှင့် အမျိုးသားများသည် စည်းစည်း လုံးလုံးရှိပြီး ကျေးရွာအတွက် အမျိုးသမီးများသည် များစွာ အထောက်အကူပြုလျက် ရှိပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| **ကျေးရွာအုပ်စုအမည် –** မရမ်းကုန်းကျေးရွာအုပ်စု | | | **ကျေးရွာအမည် –** ဘုရားပိုင်းကျေးရွာ | |
|---|---|---|---|---|
| **စဉ်** | **ကဏ္ဍ** | **စီမံချက်ဆိုလိုရင်း** | **စီမံချက်နှင့်လုပ်ငန်းစဉ်များ** | **မှတ်ချက်** |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း။ | ဦးစားပေး၁ |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာချောင်းကူးကုန်ထုတ်တံတားတည်ဆောက်ခြင်း။ | ဦးစားပေး၂ |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | မှန်ကူကုန်းပိုင်းနှင့် သရက်တောကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်း။ | ဦးစားပေး၃ |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်း။ | ဦးစားပေး၄ |
| ၅ | အခြေခံအဆောက်အဦ | နည်းပညာ | သရေမြောင်းတူးဖော်ခြင်း။ | ဦးစားပေး၅ |

# မရမ်းကုန်းကျေးရွာ၊ ဘုရားပိုင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | | အသက် | vdp ကော်မတီ တာဝန် | ဝယ်ယူရေး ကော်မတီ တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဦးသိန်းလွင် | ဦးမိုးကြိုး | ၁၀/သထန(နိုင်) | | | ဥက္ကဋ္ဌ | | ၀၉. | |
| ၂ | ဦးတင်လှိုင် | ဦးချစ်စိန် | ၁၀/သထန(နိုင်) | ၀၆၅၃၄၉ | ၆၄ | အတွင်းရေးမှူး | | ၀၉.၇၆၀၂၄၃၅၁၈ | |
| ၃ | ဦးငွေသိန်း | ဦးဖိုးခ | ၁၀/သထန(နိုင်) | ၀၆၀၉၄၇ | ၇၂ | ဘဏ္ဍာရေးမှူး | | ၀၉.၆၆၇၅၃၁၉၆၄ | ၀၉.၇၆၉၇၂၅၇၆၇ |
| ၄ | ဒေါ်မီမီကို | ဦးဌေးအောင် | ၁၀/သထန(နိုင်) | ၁၀၅၇၈၈ | ၄၇ | စာရင်းကိုင် | | ၀၉.၇၇၃၂၇၀၃၁၀ | |
| ၅ | ဦးသာဒွေး | ဦးငြိမ်းဖေ | ၁၀/သထန(နိုင်) | ၁၇၈၂၃၅ | ၆၈ | အဖွဲ့ဝင် | ဥက္ကဋ္ဌ | ၀၉.၇၅၅၇၄၀၂၅၈ | |
| ၆ | ဦးစိုးဝင်း | ဦးပါသိန်း | | | ၆၉ | အဖွဲ့ဝင် | ဘဏ္ဍာရေးမှူး | ၀၉.၇၉၆၈၆၁၈၃၀ | |
| ၇ | ဒေါ်ချိုစန်း | ဦးငြိမ်းထွန်း | ၁၀/သထန(နိုင်) | ၂၀၇၃၄၃ | ၄၂ | အဖွဲ့ဝင် | စာရင်းကိုင် | ၀၉.၇၆၇၅၅၅၁၅၃ | |
| ၈ | ဦးမြင့်အောင် | ဦးဘထွေး | ၁၀/သထန(နိုင်) | ၀၆၆၇၄၂ | ၆၂ | အဖွဲ့ဝင် | | - | |
| ၉ | ဒေါ်စန်းစန်းနွယ် | ဦးငြိမ်းထွန်း | ၁၀/သထန(နိုင်) | ၂၇၃၂၂၂ | ၄၅ | အဖွဲ့ဝင် | | - | |
| ၁၀ | ဒေါ်သန်းဌေး | ဦးထွန်းအေး | | | ၄၉ | အဖွဲ့ဝင် | | - | |
| ၁၁ | ဒေါ်ချိုစန်း | ဦးသာဒွေး | | | ၄၄ | အဖွဲ့ဝင် | | - | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | 5 | 4 | 9 | 4 | 1 |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | 9 | 11 | 20 | | - |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | 21 | 13 | 34 | | - |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | 19 | 14 | 33 | | - |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | 196 | 233 | 429 | | - |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | 22 | 25 | 47 | | - |
| **စုစုပေါင်း** | | **271** | **299** | **571** | **4** | **1** |
| **စုစုပေါင်း အိမ်ထောင်စု** | | **120** | | | | |

**ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။**

**လေ့လာတွေ့ရှိချက်။** ။ ဘုရားပိုင်းကျေးရွာတွင် အိမ်ထောင်စု (၁၂၀)စု၊ အိမ်ခြေ()အိမ်၊ လူဦးရေ (၅၇၉)ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၉)ဦး၊ ၅နှစ်အောက် ကလေးငယ်(၂၀)ဦး၊ မူလတန်းကျောင်းသားအရွယ် (၃၄)ဦး၊ အလယ်တန်းကျောင်းသား အရွယ် (၃၃)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၄၂၉)၊ သက်ကြီးရွယ်ကြီးအရွယ် (၄၇)ဦးနှင့် မသန်စွမ်းအမျိုးသား(၄)ဦးနှင့် အမျိုးသမီး(၁)ဦး ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၇%) ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၁၉၆)ဦး၊ မ ၈(၂၃၃)ဦး စုစုပေါင်း (၄၂၉) ဦးရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၇၅.၁၃%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ)  အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| စိုက်ပျိုးစီးပွားလုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 13 | 125 | 19 | 63 | 62 | 28 | မြင့်☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့်☐ လတ် ☐ နိမ့် ✓ |
| ၂ | တိရိစ္ဆာန်မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 10 | 14 | 2 | 11 | 3 | | မြင့်☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန်စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 4 | 12 | | 5 | 7 | | မြင့်☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 1 | 2 | | 1 | 1 | | မြင့်□ လတ်✓ နိမ့် □ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| ၈ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 4 | 15 | | 6 | 9 | | မြင့်□ လတ်✓ နိမ့် □ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်□ လတ် ✓ နိမ့် □ |
| ၉ | ယာဉ်၊စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 1 | 6 | 1 | 2 | 3 | | မြင့်□ လတ်✓ နိမ့် □ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | 1 | မြင့်□ လတ်✓ နိမ့် □ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ( ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 1 | 3 | 1 | 1 | 2 | | မြင့်✓ လတ်□ နိမ့် □ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| ၁၁ | လက်လီ၊လက်ကားရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 4 | 15 | | 9 | 6 | | မြင့်□ လတ်✓ နိမ့် □ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| ၁၂ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| ၁၃ | ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ကိုယ်ပိုင် လုပ်ငန်း | 6 | 18 | | 12 | 6 | | မြင့်□ လတ်✓ နိမ့် □ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| ၁၄ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း( ဘဏ်နှင့် ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | 1 | မြင့်□ လတ်✓ နိမ့် □ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | - | မြင့်□ လတ်□ နိမ့် □ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | - | မြင့်□ လတ်□ နိမ့် □ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | **1** | မြင့်□ လတ်✓ နိမ့် □ |
| ၁၉ | လူမှုရေးလုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်□ လတ်□ နိမ့် □ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | - | - | - | မြင့်□ လတ်□ နိမ့် □ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ကျပန်း/ရာသီအလိုက်အလုပ်သမား | 45 | 125 | 19 | 63 | 62 | 28 | မြင့်☐ လတ်✓ နိမ့် ☐ |
| ၂၁ | ပြင်ပအဖွဲ့စည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | 1 | 2 | | | 2 | | မြင့်☐ လတ်✓ နိမ့် ☐ |
| | စုစုပေါင်း | | | | | | | ☒ |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ဘုရားပိုင်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသည့် အိမ်ထောင်စုများရှိပါသည်။ အိမ်ထောင်စုများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်ခြင်းမရှိဘဲ တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြပါသည်။ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့်အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ချောင်းမြောင်းအင်းအိုင်များတွင်ငါးရှာ၍ ရောင်းချသူအနည်းငယ်ရှိပါသည်။ ဆောက်လုပ်ရေး၊ ပန်းရံ၊ ဆိုင်ကယ်ပြင်ဆိုင်၊ ကားပြင်ဆိုင်၊ ပို့ဆောင်ရေးနှင့် ဆံပင်အလှပြင်၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ တစ်နိုင်တစ်ပိုင် ဈေးဆိုင်များနှင့် ကျပန်းလုပ်ကိုင်နေသူများလည်း ရှိပါသည်။ ထို့အပြင် ကျေးရွာတွင်အလုပ်အကိုင် အခွင့်အလမ်းနည်းသောကြောင့် ပြည်ပတွင်သွားရောက် လုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ အခြား အသက်မွေးမှုပညာ တက်မြောက်မှုနည်းပါးသဖြင့် သက်မွေးဝမ်းကျောင်း နည်းပညာပံ့ပိုးမှုများနှင့် ငွေကြေး အရင်းအနှီးများလည်း လိုအပ်လျက်ရှိပါသည်။ ကျေးရွာရှိ ပြည်သူများ၏ ဝင်ငွေရလုပ်ငန်းများ နည်းပါးနေ၍ မိသားစုဘဝရပ်တည်နိုင်မှု အဆင့်အတန်းမှာ နိမ့်ကျနေပါသည်ကို လေ့လာတွေ့ရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၂၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ ဘုရားပိုင်းကျေးရွာ၏ ကျား/မအလုပ်ဝင်ငွေ ခြားနားရခြင်းမှာ လုပ်ငန်း ကျွမ်းကျင်မှုနှင့် အလုပ်လုပ်နိုင်မှု အပေါ်မူတည်၍ ယောကျ်ားလေး၏ ဝင်ငွေသည် မိန်းကလေး၏ဝင်ငွေထက် အနည်းငယ်ပိုရရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ယောကျ်ားလေးများ၏ လုပ်ကိုင်မှုစွမ်းရည်သည် မိန်းကလေးများထက် သာလွန်ပြီး အလုပ်လိုအပ်ချက်မှာ ယောကျ်ားလေးများကိုသာ အဓိကအားထားရသောကြောင့် လုပ်ငန်းကျွမ်းကျင်မှု အပေါ်မူတည်ပြီး ကျား/မဝင်ငွေ ကွာခြားရခြင်းဖြစ်ပါသည်။ ပြည်တွင်းပြည်ပရွှေ့ပြောင်း သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိနိုင်သောကြောင့် လုပ်အားခ ပမာဏကို မသိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| **လယ်မြေ** | **144** | ကောင်း ☐ သင့်✓☐ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | - | ကောင်း☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | 67.6 | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ဘုရားပိုင်းကျေးရွာအတွင်းရှိ လယ်မြေဧက(၁၄၄)ဧကနှင့် ခန့်ရှိပြီး ကျေးရွာတွင် လယ်လုပ်သူများပြားပြီး ရွာသားများမှာ စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်ကြပါသည်။ လယ်မြေများ၏ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ကောင်းမွန်သည်ကို တွေ့ရှိရပြီး မြေလွတ်မြေလပ်၊ စားကျက်၊ ကိုင်း၊ ကျွန်း၊ ယာမြေများ မရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။

## (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီး ပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကို သာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင် များ) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | ☒ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ်✓ ခက်☐ အသုံးမပြုနိုင်ပါ☐ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ်✓ ခက်☐ အသုံးမပြုနိုင်ပါ☐ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| သစ်တော-အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |

| အမျိုးအစား | ကျေးရွာနှင့် အနီး ပတ်ဝန်းကျင် တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကို သာရွေးရန်) |
|---|---|---|---|
| | | | |
| **သစ်တော-ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ဘုရားပိုင်းကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားတွင်းထွက်ပစ္စည်းများ မရှိပါ။ ကျောက်စရစ်နှင့် သဲများကို အခြားကျေးရွာ၊ သထုံမြို့၊ ကရင်ပြည်နယ် မြိုင်ကလေးနှင့် ဘီးလင်းမြို့မှ သွားရောက်ဝယ်ယူ၍ အသုံးပြုလျက် ရပါသည်။ ရွာတွင် သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရိစ္ဆာန် မျိုးစိတ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | (၁၀) ကေအထက် | (၅ မှ ၁၀) ကေ | (၅) ကေအောက် | မရှိ |
| **အိမ်အခြေအနေ** | အုတ်ကာ၊နှစ်ထပ် ပျဉ်ထောင် ပျဉ်ခင်း၊ သွပ်မိုး | သွပ်မိုး၊ ပျဉ်ထောင်/ခင်း | ဖက်မိုး/ဖက်ကာ၊ ဇလီကာ | ဖက်မိုးဖက်ကာ၊ ဝါးအခင်း |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု** | ကား၊ဆိုင်ကယ်၊ထွန်စက် ၊ရိတ်သိမ်းစက်၊ အိုးဝေ၊ ထော်လာဂျီ | ဘေးတွဲ၊ စက်ဘီး၊ဆိုင်ကယ် | ဆိုင်ကယ်၊စက် ဘီး | စက်ဘီး |
| **အဓိကစီးပွားရေး လုပ်ငန်း** | ကွမ်းခြံ၊ ဈေးဆိုင် လယ် | လယ်၊ကွမ်းခြံ ဈေးရောင်း | ကွမ်းခြံလုပ်သား | ကျပန်း၊ နေ့စား |
| **အိမ်ထောင်စု** | ၁၂၀ | ၂၆ | ၄၅ | ၃၃ |

**ရင်းမြစ် …** (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ဘုရားပိုင်းကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု နှင့် အလယ်အလတ်ရှိ သော အိမ်ထောင်စုများသည် အနည်းငယ်သာရှိပြီး မွေးမြူရေး၊ လယ်စိုက်ပျိုးရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနှုတ်၊ ငါးရှာဖားရှာခြင်းစသည့် ရာသီအလိုက် ကြုံရာကျပန်းလုပ်ငန်းများနှင့် ပြည်ပနိုင်ငံများတွင်သွားရောက် လုပ်ကိုင်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။…………………………………………………………………………………

…………………………………………………………………………………………………………

…………………………………………………………………………………………………………

…………………………………………………………………………………………………………

…………………………………………………………………………………………………………

…………………………………………………………………………………………………………

…………………………………………………………………………………………………….………..

…………………………………………………………………………………………………………....

……………………………………………………………………………………..……………..

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | 1 | 2 | 3 |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ဘုရားပိုင်းကျေးရွာတွင် ဆင်းရဲပြီး မိသားစုကူညီစောင့်ရှောက်မှု မရှိဘဲ ကိုယ့်ဝမ်းစာကိုယ်ရှာစားသူ သက်ကြီးရွယ်အို အသက်(၈၀)ကျော် အမျိုးသမီး(၁)ဦး၊ အသက်(၆၀)ကျော် ရှိပါသည်။ မိသားစုမရှိ ညီအစ်ကိုမောင်နှမ စောင့်ရှောက်သူမရှိသူ အသက်(၆၀)ကျော် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု တစ်စုရှိ ပါသည်။ ဘုရားပိုင်းကျေးရွာရှိ အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြသောကြောင့် ထိခိုက်လွယ်မှု အခြေအနေမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | ✓ | | | ✓ | |
| ၂ | လျှပ်တပြတ်ရေကြီးခြင်း | | | ✓ | | ✓ | |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | ✓ |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | ✓ | | | ✓ | | |
| ၇ | လျှော် | | | | | | |
| ၈ | အပူလှိုင်း | | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငန်ဝင်ရောက်မှု | ✓ | | | | ✓ | |
| ၁၀ | အအေးလှိုင်း | | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | | | | | | |
| ၁၃ | တောမီးလောင်ခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | | | ✓ |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | ✓ | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ ရေ) | | | | | | |
| ၁၉ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်စီးခြင်း | | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | | | | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | | ✓ |
| ၂၂ | တီဘီရောဂါ | ✓ | | | | | ✓ |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |
| ၂၄ | ကပ်ရောဂါ | | | | | | |
| ၂၅ | ပြည်တွင်း ပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | ✓ | | | | | ✓ |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | ✓ |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဘုရားပိုင်းကျေးရွာတွင် မိုးရေကြီးခြင်း၊ တစ်ခါတစ်ရံပင်လယ်ရေကြီးတို့ကြောင့် စပါးခင်းထဲသို့ ရေငံများဝင်ရောက်မှုကြောင့် စပါးများပျက်စီးဆုံးရှုံးမှုများရှိပါသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့်လဲ မိုးကြီးခြင်း ပင်လယ်ရေငံ ဝင်ရောက်မှုများရှိပါသည်။ ပင်လယ်ကမ်းစပ်နှင့် နီးသောကြောင့် ကမ်းပါးတိုက်စားပြိုပျက်ခြင်းများရှိပါသည်။ လေဆင်နှာမောင်း တိုက်ခတ်မှုရှိသော်လည်း နည်းပါးပါသည်။ ငှက်ဖျားရောဂါ၊ တီဘီရောဂါ ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုနှင့် လူကုန်ကူးမှုမှာလည်းမရှိသလောက် နည်းပါးပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | | ✓ | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | ✓ | | | | | ✓ |
| ၃ | ဆင်းရဲသားတောင်သူ | ✓ | | | | | ✓ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | | | | | | |
| ၅ | ပင်လယ်/ မြစ်ကမ်းဘေး နေထိုင်သူများ | | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာတွင်နေထိုင်သူများ | | ✓ | | | | ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | | | | | | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | | ✓ | | | | ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | ✓ | | | | | ✓ |
| ၁၁ | လူနည်းစုလူမျိုးများ | | | | | | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | | | | | | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | | | | | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | | | | | | |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | | | | | |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | ✓ | | | | ✓ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

